၂၀၂၀ ပြည့်နှစ် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ပရော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဆိုးလ်မြို့

၂၀၂၀ ပြည့်နှစ် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များ ဖြည့်စွက်ပေးပို့နိုင်ရေး အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအား ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက် (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်) တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁-၇-၂၀၂၀ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၁၁၅/၂၀၂၀ ဖြင့် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ၌ ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် ၃-၇-၂၀၂၀ ရက်နေ့မှ စတင်ထုတ်ယူနိုင်ပါကြောင်းနှင့် ၁၆-၇-၂၀၂၀ ရက်မှ ၅-၈-၂၀၂၀ ရက်အတွင်း သက်ဆိုင်ရာသံရုံးများသို့ ပြန်လည်ပေးပို့နိုင်ပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂-၇-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်(၁၁၈/၂၀၂၀)ဖြင့်ထုတ်ပြန်ကြေညာခဲ့ပါသည်။ (ကြေညာချက်များအား ပူးတွဲဖော်ပြအပ်ပါသည်။)

၃။ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကိုရီးယားသမ္မတနိုင်ငံရှိ ကြိုတင်ဆန္ဒမဲပေးလိုသူ မြန်မာနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ (ပုံစံ(၁၅)) အား အလွယ်တကူရရှိနိုင်ရန်အတွက် ယခုကြေညာချက်နှင့်အတူ ပူးတွဲထားရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုဒ်လိပ်စာ https://www.uec.gov.mm နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်လိပ်စာ https://www.mofa.gov.mm တို့၌လည်း ရယူနိုင်ပါသည်။ ထို့ပြင် ပုံစံ (၁၅) အား မိမိတို့အစီအစဉ်ဖြင့် download ရယူရန် အခက်အခဲရှိသူများအနေဖြင့် မြန်မာသံရုံး၊ ဆိုးလ်မြို့သို့ ကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ မိမိတို့နှင့်နီးစပ်ရာ မြန်မာစားသောက်ဆိုင်၊ တိုင်းရင်းသားအသင်းအဖွဲ့များနှင့် ဒေသအလိုက် မြန်မာလူမှုအဖွဲ့အစည်းများ၌လည်း ရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ကြိုတင်ဆန္ဒမဲပေးပို့လိုသူများအနေဖြင့် ပုံစံ (၁၅) အား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီး နောက်အောက်ဖော်ပြပါစာရွက်စာတမ်းများနှင့်အတူ မြန်မာသံရုံး၏ အီးမေးလ်လိပ်စာအမှတ် meseoul20@gmail.com သို့ ၅-၈-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ

(ခ) အိမ်ထောင်စုစာရင်းမိတ္တူ (မဲဆန္ဒနယ်စိစစ်ရန်)

၅။ သတ်မှတ်ရက်ထက် ကျော်လွန်ပြီး ရောက်ရှိလာသည့် ပုံစံ (၁၅) များနှင့် မြန်မာသံရုံး၊ ဆိုးလ်မြို့၏ အခြားသော အီးမေးလ်လိပ်စာများ၊ ဖုန်းနံပါတ်များနှင့် Viber နံပါတ်များသို့ ပေးပို့လာသည့် ပုံစံ (၁၅) များကို လက်ခံဆောင်ရွက်မည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာသံရုံး၊ ဆိုးလ်မြို့၏ ဖုန်းနံပါတ် ၀၂ ၇၉၀၃၈၀၄ နှင့် ၀၂ ၇၉၀၃၈၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ဆိုးလ်မြို့
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၄ ရက်

017

1 / 1